

KNOWLEDGE TRANSFER

EAST-WEST SEED FOUNDATION

### သီးနှံစိုက်ပျိုးမှုလမ်းညွှန်

# ပြောင်းချိုစေး



MYANMAR

## • မြေပြုပြင်ခြင်း-စိုက်ဘောင်ပြုလုပ်ခြင်း

» စိုက်ဘောင်ကြားရှိမြောင်းငယ်သည် ရေသွင်းရေထုတ် လွယ်ကူစေရန် ထောက်ပံ့ကူညီပေးသည်။
» တစ်ဧကအပင်ဦးရေ - ၁၈၄၀၀ (အသုံးပြုသောမျိုးပေါ်မူတည်၍ အပင်အရေအတွက်ကို ချိန်ညှိလုပ်ဆောင်ပါ)



# ● တိုက်ရိုက် စိုက်ပျိုးခြင်း



» တစ်ကျင်းလျှင် မျိုးစေ့ ၁-၂ စေ့စိုက်ပါ။ ကောင်းမွန်သော အဖူးများရရန်အတွက် အပင် (၄) လက်မအရွယ်သို့ရောက်သောအခါနှစ်ပင်ထဲမှတစ်ပင်ကို မှုန်း(နုတ်)လိုက်ပါ။

» တစ်ကျင်းတစ်စေ့စိုက်လျှင် အပင်ဖာရန်အတွက် ပျိုးပင်အသင့်ထားရှိပါ။




# ● မြေသြဇာ အသုံးပြုခြင်း




မြေသြဇာပမာဏသည် သီးနှံပင်၏သင့်တော်သောအာဟာရလိုအပ်မှုနှင့် တစ်ဧက အပင်ဦးရေ ၁၈၄၀၀ ပင် ပေါ်တွင် အခြေခံထားသည်။
မြေသြဇာကျွေးရာတွင် သီးနှံပင်ကြီးထွား မှုအဆင့်၊ မြေဆီလွှာအခြေအနေနှင့် ရာသီဥတုပေါ်မူတည်၍ ချိန်ညှိဆောင်ရွက်ပါ။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှု



» အင်းဆက်ပိုးမွှားများကျရောက်မှုကို စစ်ဆေးထောက်လှမ်းရန်နှင့် အစုလိုက်အပုံလိုက်ဖမ်းရန် စေးကပ် ထောင်ချောက်များအသုံးပြုပါ။



ရောဂါပျံ့ပွားခြင်းမှကာကွယ်ရန် ကွင်းထဲရှိရောဂါရှိသောအပင်များ၊ သီးနှံပင်ဟောင်းများနှင့် ပေါင်းမြက်များ ကိုဖယ်ရှား၍ဖျက်ဆီးပါ။



သီးလှည့်စိုက်ပျိုးခြင်းအားဖြင့် ရောဂါပိုးမွှားများစုပုံကျရောက်ခြင်းကို တားဆီးရုံမက မြေဆီသြဇာကိုလည်း ထက်သန်စေသည်။

# ● ဘက်စုံပိုးမွှားရောဂါစီမံခန့်ခွဲမှုနှင့် ပိုးသတ်ဆေးများကိုဘေးကင်းလုံခြုံစွာ အသုံးပြုခြင်း

» ခံနိုင်ရည်ရှိမှု အန္တရာယ်မှကာကွယ်ရန် ပိုးသတ်ဆေးအုပ်စုများကိုအလှည့်ကျသုံးစွဲပါ။

» ပိုးသတ်ဆေးအညွှန်းများကိုသေချာစွာ ဖတ်ရှု၍အညွှန်းပါအတိုင်း အသုံးပြုပါ။(သတ်မှတ်ထားသောသီးနှံ နှင့် ပိုးမွှားရောဂါ)

## ကျရောက်နိုင်သော ပိုးမွှားများ



ပျ





လောက်ကောင်

| ဆေးအစစ် | ဆေးအာနိသင် | ပြုမှုဆောင်ရွက်ပုံ | ပျ | လောက်ကောင် |
|---|---|---|---|---|
| လမ်ဒါဆိုင်ဟေလိုသရင် (Lambda-cyhalothrin) | 3A | SC | ✔ | ✔ |
| ဒိုင်နိုတီဖြူရမ် (Dinotefuran) | 4A | S | ✔ | |
| စပိုင်နိုစက် (Spinosad) | 5 | S | | ✔ |
| စပိုင်နီတိုရမ် (Spinetoram) | 5 | SC | | ✔ |
| အဘာမက်တင် (Abamectin) | 6 | Slight S(အနည်းငယ်သော ပင်လုံးပြန့် အာနိသင်) | | ✔ |
| သိုင်အိုဆိုင်ကလမ်အောက်ဆဲလ်လိတ် (Thiocyclam oxalate) | 14 | SC | ✔ | |
| ကလိုရိုထရမ်နေလီပရိုးလ်(Chlorantraniliprole) | 28 | S | | ✔ |
| ဖလူဘမ်ဒိုင်ယာမိုက် (Flubendiamide) | 28 | S | | ✔ |
| ဘက်စီးလပ် သုရီဂျီအန်းစစ် (Bacillus thuringiensis) | 11A | C | | ✔ |
| အဇာဒီရာခ်ိင်တင်(တမာစစ်ထုတ်ရည်) (Azadirachtin (neem extract)) | UN | မသိနိုင်သော | | ✔ |

*IRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *SC* (စားသေ+ ထိသေ)၊ *S* (ပင်လုံးပြန့်ပိုးသတ်ဆေး)

## ကျရောက်နိုင်သော ရောဂါများ



သံချေးရောဂါ



ပြောင်းရွက်လောင်ရောဂါ



ဒေါင်းနီးမှိုရောဂါ

| ဆေးအစစ် | ဆေးအာနိသင် | ပြုမှုဆောင်ရွက်ပုံ | မှတ်ချက် | သံချေးရောဂါ | ပြောင်းရွက်လောင်ရောဂါ | ဒေါင်းနီးမှိုရောဂါ |
|---|---|---|---|---|---|---|
| ကော့ပါးအခြေခံ မှိုသတ်ဆေးများ (Copper-based Fungicides) | M 01 | P | | ✔ | ✔ | ✔ |
| ကလိုရိုသာရိုနေးလ် (Chlorothalonil) | M 05 | P | | ✔ | ✔ | ✔ |
| မန်ကိုဇပ် (Mancozeb) | M 03 | P | | ✔ | ✔ | ✔ |
| အဇိုဇီစထရိုဘင် (Azoxystrobin) | 11 | P + C | သီးနှံသက်တမ်းတလျှောက် အများဆုံး ၄ ကြိမ်သာ | ✔ | ✔ | ✔ |
| ပရိုပါမိုကပ် (Propamocarb) | 28 | P + C | | | ✔ | ✔ |
| ဆိုင်မိုဇာနေးလ် (Cymoxanil) | 27 | C | ကာကွယ်ဆေးနှင့်ရောဖျန်းနိုင်သည်။ (ကလိုရိုသာရိုနေးလ် (သို့) မန်ကိုဇပ်) | | | ✔ |
| မက်တယ်လာဇီး (Metalaxyl) | 4 | P + C | ခံနိုင်ရည်ရှိမှုအန္တရာယ်လျော့နည်းစေရန် သီးနှံသက်တမ်းတလျှောက် အများဆုံး ၂ ကြိမ်သာ အသုံးပြုသင့်သည်။ | | | ✔ |
| ဘက်စီးလပ် ဆပ်တီးလစ် (Bacillus subtilis) | BM02 | P | | | ✔ | ✔ |

*FRAC* ကိုအခြေခံထားသော ဆေးအုပ်စု(ဆေးပြုမူဆောက်ရွက်ပုံ)၊ *P* = ကာကွယ်ဆေး(သီးနှံပင်ပေါ်၌ ရောဂါ လက္ခဏာမဖြစ်ပေါ် မီသာလျှင် အကျိုးသက်ရောက်မှုရှိသည်)၊ *C* = ကုသဆေး

❶ 

အကာအကွယ်ပစ္စည်းများဝတ်ဆင်သုံးစွဲပါ။

❷ 

ရာသီဥတုကောင်းမွန်သောအချိန်တွင် ဆေးဖျန်းပါ။

❸ 

ကောင်းမွန်သောဆေးဖျန်းခေါင်းကို အသုံးပြုပါ။

❹ 

ဆေးဖျန်းပြီးပါက ကောင်းမွန်စွာဆေးကြောပါ။

EAST-WEST SEED FOUNDATION

# KNOWLEDGE TRANSFER

**https://growhow.eastwestseed.com**

*East West Seed Foundation* ၏ ၂၀၂၁ မူပိုင်ခွင့်။

စိုက်ပျိုးရေးသုံးဓာတုပိုးသတ်ဆေး အကြံပြုချက်များကို Wageningen University & Research နှင့်ပူးပေါင်း၍ လုပ်ဆောင်ပါသည်။

WAGENINGEN UNIVERSITY & RESEARCH